**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ပေကျင်းမြို့**

**၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များ ဖြန့်ဝေခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့) တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် သက်တမ်းရှိသော တရားဝင် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ မြန်မာနိုင်ငံသားများ မိမိဆန္ဒအလျောက် ကြိုတင်ဆန္ဒမဲများ ပေးအပ်နိုင်ရေးအတွက် ပူးတွဲပါ **ပုံစံ (၁၅)** အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဆိုက်ဒ် www.uec.gov.mm၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဆိုက်ဒ် www.mofa.gov.mm၊ မြန်မာသံရုံး၏ ဝက်ဆိုက်ဒ် www.myanmarembassybeijing.com နှင့် အောက်ဖော်ပြပါ link များမှ download ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

https://www.uec.gov.mm/PDF/Form(15).pdf

၃။ မြန်မာသံရုံး၊ ပေကျင်းမြို့မှ တာဝန်ယူဆောင်ရွက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ (၁) ဟဲပေ (Hebei)၊ (၂) ရှန်ရှီး (Shaanxi)၊ (၃) လျောင်နင်း (Liaoning)၊ (၄) ကျီးလင် (Jilin)၊ (၅) ဟေလုံကျန်း (Heilong Jiang)၊ (၆) ရှန်းတုန်း (Shandong)၊ (၇) ကျန်းစူး (Jiangsu)၊ (၈) ဟဲနန် (Henan)၊ (၉) ဟိုင်နန် (Hainan)၊ (၁၀) ကန်းစု (Gansu)၊ (၁၁) ကျက်ကျန်း (Zhejiang)၊ (၁၂) အန်းဟွေး (Anhui)၊ (၁၃) ကျန်းရှီး (Jiangxi)၊ (၁၄) ဖူးကျန့် (Fujian)၊ (၁၅) ချင်းဟိုင်နှင့် (၁၆) ရှန်းရှီး (Shanxi) ပြည်နယ်များ၊ (၁၇) ပေကျင်းမြို့ (Beijing)၊ (၁၈) ထရန်ကျင်းမြို့ (Tianjin)၊ (၁၉) ရှန်ဟိုင်းမြို့ (Shanghai)၊ (၂၀) အတွင်းမွန်ဂိုလီးယား (Inner Mongolia)၊ (၂၁) ရှင်းကျန့်ဝေဂါ (Xinjiang Uygur)၊ (၂၂) နင်ရှားဟွေ့ (Ningxia Hui)နှင့် (၂၃) ရှီးဇန့် (Tibet) ဒေသများ၌ ရောက်ရှိနေထိုင်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲများ ပေးနိုင်ရေးအတွက် အချက်အလက် မှန်ကန်ပြည့်စုံစွာဖြည့်စွက်ထားသည့် ပုံစံ (၁၅) များကို မြန်မာသံရုံး၊ ပေကျင်းမြို့၏ အောက်ဖော်ပြပါလိပ်စာသို့ **လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ၂၂-၈-၂၀၂၅ ရက်မှ ၈-၉-၂၀၂၅ ရက် အတွင်း မပျက်မကွက်** ပေးပို့သွားကြပါရန်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်-

No. 6, Dong Zhi Men Wai Street, Chaoyang District, Beijing 100600

Email: beijingconsular@qq.com

Tel: (+86) 10 6532 4554, 6532 0351, 6532 0412, Fax: (+86) 10 6532 0408

၄။ ပုံစံ (၁၅) ကို ဖြည့်စွက်ရာ၌ အောက်ဖော်ပြပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရန်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

**မဲဆန္ဒရှင်၏အမည်-**

**မွေးသက္ကရာဇ်-**

**မှတ်ပုံတင်အမှတ်-**

**မိဘအမည်-**

**အိမ်အမှတ်-**

**လမ်း၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်-**

၅။ ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားသည့် ပုံစံ (၁၅) များ ပေးပို့ရာတွင် သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်) မိတ္တူများကို ပူးတွဲပေးပို့ပါရန်နှင့် မဲဆန္ဒရှင်များအား ဆက်သွယ်နိုင်ရန် လက်ရှိနေထိုင်လျက်ရှိသည့် နေရပ်လိပ်စာ၊ အီးမေးလ်နှင့် တယ်လီဖုန်းနံပါတ်များကို ထည့်သွင်းဖော်ပြပေးရန်ဖြစ်ပါကြောင်းလည်း မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာသံရုံး၊ ပေကျင်းမြို့**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်**

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၈၁ (က)၊ ၈၂ (က) ]

ဥက္ကဋ္ဌ

- - - - - - - - - - - - မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ - - - - - - - - - - သည် - - - - - - - - - - - - - - - - - - - - ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် - - - - - - - - - - - - - - - - - - - - - - - - -

(၂) တိုင်းရင်းသားလူမျိုး - - - - - - - - - - - - - - - - - - - - - - - - - - -

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် - - - - - - - - - - - - - - - - - -

(၄) မွေးသက္ကရာဇ် (အသက်) - - - - - - - - - - - - - - - - - - - - - - -

(၅) အဘအမည် - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

(၆) အမိအမည် - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ် (     )

- - - - - - - - လမ်း/ကျေးရွာ - - - - - - - - - - - ရပ်ကွက်/ကျေးရွာအုပ်စု၊

- - - - - - - - - - မြို့နယ်၊ - - - - - - - - - - - - - တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် - - - - - - - - - - - - - - - - - - -

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) - - - - - - - - - - - - -

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် - - - - - - - - - - - - - - - - - - -

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ(ပြည်ပ) - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

**(နိုင်ငံအမည်နှင့်မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့်ရေးသွင်းရန်)**

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ - - - - - - - - - - - - - -

**(* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။)**

MYANMAR EMBASSY , BEIJING MYANMAR EMBASSY , BEIJING